# ZawGyi Fonts ဖြင့် Files များအား Virus ဖျက်ဆီးခြင်းမှ ကာကွယ်နည်း

ကွန်ပျူတာအသုံးပြုသူအားလုံးသိကြတဲ့အတိုင်းပါဘဲ..ကွန်ပျူတာ Virus ရန်ဟာ အင်မတန်ကြောက်ဖို့ ကောင်းလာပါပြီ..မိမိကွန်ပျူတာထဲ Virus ဝင်ရောက်လာပြီဆိုတာနဲ့ ကွန်ပျူတာထဲက အရေးကြီးတဲ့ ဖိုင်တွေကို ပျက်စီးအောင် ..ပျောက်နေအောင်လုပ်ပစ် တတ်ကြပါတယ်...USB Stick တွေမှာဆိုရင် လည်း Virus ဝင်ရောက်ခံရတာနဲ့ Folder တွေ..ဖိုင်တွေကို မှိန်ပြီးပျောက်အောင်လုပ်ပစ်မယ်.ဖျက်ဆီး

ပစ်မှာပါ။ Folder Options ကနေပြန်ဖော်လို့ရသော်လည်း..မှိန်နေတဲ့ဖိုင်တွေဟာ ReadOnly ဖြစ်နေ

မယ်ဆိုရင် မှိန်နေရာကနေ..ပြန်ပေါ်အောင် (UnHidden) ပြန်လုပ်လို့မရပြန်ပါဘူး..။ USB ထဲမှာ Install လုပ်ပြီး USB Stick ကိုကာကွယ်ပေးမယ့် Trust Port လို ့ USB ထဲကို တိုက်ရိုက်ထည့်သွင်း

ပြီးကာကွယ် ပေးနိုင်တဲ့ Antivirus Software ရှိသော်လည်း..တကယ်ပြင်းထန်တဲ့ Virus ဝင်ရောက်လာသော အခါ ၄င်း Antivirus သည်ပင်လျှင် အလံဖြူပြသွားရတဲ့အဖြစ်ကို ရောက်သွား တာ ကြုံခဲ့ဖူးပါတယ်။ မိမိစက်မှာ ကောင်းပေ့ဆိုတဲ့..Kaspersky Antivirus တင်ထားသော်လည်း ဖိုင်တွေပျောက်သွားပြီး..Virus ကိုယ်ပွားတွေထွက်လာမှ ထွက်လာတဲ့အကောင်တွေကို သတ်နိုင်တာ ပါ.ကဲ.....ဒီလို ပြသနာတွေကို ပြည်ပက သုံးလေးသောင်းပေးဝယ်ရတဲ့ USB Antivirus ကမကာကွယ်နိုင်ပေမယ့်..ကျွန်တော်တို့ မြန်မာ့ရိုးရာ အင်တာနက်အသုံးပြုသူတွေရဲ့ အချစ်တော် ကိုဖေဇော်ဂျီက ကာကွယ်ပေးနိုင်တယ် ဆိုတာ အင်မတန်ဂုဏ်ယူစရာကောင်းလှပါတယ်

ဗျာ။ ကဲ... ကွန်ပျူတာ သမားတွေနဲ့ USB Stick အသုံးပြုနေတဲ့သူတွေ Virus ဝင်ရောက်ခံရသော်လည်း မိမိရဲ့ Data တွေကို မပျက်မစီးဘဲနဲ့အကောင်းတိုင်းမြင်လိုပါသလား...???

ဖေဇော်ဂျီ ကိုသုံးလိုက်ပါ..။ သုံးပုံသုံးနည်းကလဲ အလွယ်လေးပါဘဲ.အောက်က ပုံကိုကြည့်လိုက်ပါစို့..




ပုံမှာမြင်ရတဲ့အတိုင်းပါဘဲ..ဖိုလ်ဒါတွေ.ဓာတ်ပုံ..Installation Setup Files..Office Files တွေကို မြန်မာ စာလုံးတွေနဲ့ ညှပ်ပြီး နာမည်ပေးထားပါတယ်..အဲလိုပေးထားတဲ့အတွက် ဘယ် Virus ပဲဝင်လာလာ မြန်မာစာနဲ့နာမည်ညှပ်ပေးထားတဲ့ဖိုင်တွေဟာ Virus ကြောင့် ပျောက်သွား..ပျက်စီးသွား

နိုင်ခြေသည် ၁၀% လောက်ပဲရှိပါတော့တယ်။ Virus ဆိုတဲ့ အမျိုးက ကွန်ပျူတာ.USB Stick ထဲကို ဝင်လာပြီဆိုတာနဲ့ မူရင်းဖိုင်တွေကိုဖျောက်ပစ်ပြီး..သူ့ရဲ့ကိုယ်ပွားနာမည်နဲ့အစားထိုးတတ်ပါတယ်..

ဥပမာ.ဖိုင်နာမည်က MgMg လို့ဆိုကြပါစို့..Virus က မူလနာမည်ကိုဖျောက်ပစ်ပြီး MgMg.exe နာမည် နဲ့ ဖိုလ်ဒါပုံလေး အစားထိုးလိုက်ပါတယ်..ဒါဆိုရင် မသိတဲ့လူကတော့..မိမိရဲ့ ဖိုင်မှတ်ပြီး Click လေ..Virus ဆိုတဲ့ အကောင်က..သိပ်ချစ်တာဘဲ ကိုကိုရယ်ဆိုပြီး ပျော်နေမှာ အမှန်အကန်ပါ...။ ဘာလို့လဲဆိုတော့ တစ်ခါ Click လေ..Virus က ပိုပွားလေဖြစ်နေလို့ပါဘဲ..။ ဒီလိုမြန်မာစာ ညှပ်ပေး လိုက်တာနဲ့ ဘယ်Virus မှနာမည်တူမပွားနိုင်တော့သလို..ဖျောက်ပစ်ခြင်း..ဖျက်ဆီးခြင်း သည်လည်း

လုံးဝကို သက်သာသွားမှာပါ.။ မြားအနီထိုးပြထားတဲ့နေရာကတော့ Virus တွေပါ...မြန်မာနာမည်နဲ့ တွဲပေးထားမယ်ဆိုရင် Virus ဖိုင်တွေကိုမြင်ရပြီဆိုတာနဲ့ ကိုယ့်ဖိုင်မဟုတ်မှန်းတန်းသိပါတယ်..ဒါ

ကြောင့်အလွယ်တကူ Delete လုပ်ပစ်နိုင်ပါတယ်ခင်ဗျာ။ တစ်ခုသတိထားရမှာက မြန်မာနာမည်နဲ့ ဖိုင်တွေကို တွဲပေးညှပ်ပေးထားတယ်ဆိုရင်..မိမိက ၎င်းဖိုင်ကို ဖွင့်လိုတဲ့အခါမှာ မြန်မာစာလုံးတွေကို ခဏတာ ပြန်ဖြုတ်ပစ်ဖို့ သတိပေးပါရစေ..ဘာလို့လဲဆိုတော့..တချို့ဖိုင်တွေက မြန်မာ စာလုံးကိုနားမလည်ဘဲ Error Lunching Installer ဆိုပြီး Error ပြတတ်ပါတယ်..ဒါကြောင့် အသုံးပြုမယ် ဆိုရင် မြန်မာစာလုံးတွေကို ခဏတာဖြုတ်လိုက်ပါလို့..ပြောကြားရင်း............

ဝင်းကမ္ဘာကျော်ကိုအားပေးနေတဲ့ ညီအစ်ကိုမောင်နှမများအားလုံး Virus ကင်းစင်ပြီးပျော်ရွှင်နိုင်ကြပါ

စေခင်ဗျာ။

(ကျွန်တော် စာအရေးအသား လေးလုံးမကွဲရင် အားလုံးခွင့်လွှတ်ပေးကြပါ..အိပ်ချင်မူးတူးနဲ့ရေးထား

ခြင်းဖြစ်ပါတယ်..ဘာလို့အိပ်ချင်မူးတူးဖြစ်ရသလဲဆိုရင်..သုံးစားမရ..တော်ကြီးကျ..ပြည်သူတွေကို ဂုတ်သွေးစုတ် အမြတ်ထုတ်နေတဲ့ MPT ရဲ့...ပြည်ပက ၁ ကျပ်ဖိုးလောက်ဝယ်ပြီး...ပြည်သူတွေကို သောင်းဂဏန်းနဲ့ပြန်ရောင်းထားတဲ့ မြန်နှုန်းမြင့်စုပါ Connections ကြီးရဲ့ အကောင်းကို စောင့်ပြီး တင်နေရတဲ့အတွက်ကြောင့်ဖြစ်ပါတယ်ခင်ဗျာ)

မြန်မာစံတော်ချိန် ၃ နာရီ ၂၅ မိနစ်ရှိပါပြီခင်ဗျာ။

IT Helper

Mailserver.npt@gmail.com

www.winkabarkyaw.blogspot.com